**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

အမိန့်ကြော်ငြာစာအမှတ် **၉၉** / ၂၀၂၅

၁၃၈၇ ခုနှစ်၊ ဝါဆိုလဆန်း ၁၃ ရက်

( ၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၇ ရက် )

**အင်အားပြင်းမန္တလေးငလျင်ကြီးဒဏ် ခံခဲ့ရသည့် နယ်မြေဒေသများ ပြန်လည်ထူထောင်ရေးရန်ပုံငွေ ကြီးကြပ်မှုဗဟိုကော်မတီ ဖွဲ့စည်းခြင်း**

၁။ ၂၀၂၅ ခုနှစ်၊ မတ်လ ၂၈ ရက်နေ့တွင် လှုပ်ခတ်ခဲ့သည့် အင်အားပြင်း မန္တလေးငလျင်ကြီးကြောင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ် အရှေ့မြောက်ပိုင်းဒေသစသည့် နယ်မြေဒေသများတွင် ထိခိုက်ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့ရပါသည်။ အဆိုပါဒေသများမှ နိုင်ငံ့ဝန်ထမ်းများအပါအဝင် ပြည်သူများ၊ စီးပွားရေးလုပ်ငန်းများ ပြန်လည်ထူထောင်ရန်နှင့် နေအိမ်နှင့် လုပ်ငန်းသုံး စက်ရုံ၊ အလုပ်ရုံများ ပြန်လည်တည်ဆောက်ရေးအတွက် နိုင်ငံတော်မှထည့်ဝင်ပံ့ပိုးသော ရန်ပုံငွေဖြင့် ချေးငွေအစီအစဉ်များပံ့ပိုးပေးနိုင်ရန် **"အင်အားပြင်းမန္တလေးငလျင်ကြီးဒဏ် ခံခဲ့ရသည့် နယ်မြေဒေသများ ပြန်လည်ထူထောင်ရေးရန်ပုံငွေ ကြီးကြပ်မှုဗဟိုကော်မတီ"** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (က) | ဥက္ကဋ္ဌ<br>မြန်မာနိုင်ငံတော်ဗဟိုဘဏ် | ဥက္ကဋ္ဌ |
| (ခ) | ဒုတိယဝန်ကြီး<br>စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဂ) | ဒုတိယဝန်ကြီး<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃ) | ဒုတိယဝန်ကြီး<br>သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (င) | ဒုတိယဝန်ကြီး<br>စက်မှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စ) | ဒုတိယဝန်ကြီး<br>စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | ဒုတိယဝန်ကြီး<br>ဆောက်လုပ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |

(ဇ) အတွင်းရေးမှူး အဖွဲ့ဝင်
အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု
ကော်မတီ

(ဈ) ဒုတိယစာရင်းစစ်ချုပ် အဖွဲ့ဝင်
ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး

(ည) ဒုတိယဥက္ကဋ္ဌ အဖွဲ့ဝင်
မြန်မာနိုင်ငံတော်ဗဟိုဘဏ်

(ဋ) ညွှန်ကြားရေးမှူးချုပ် အတွင်းရေးမှူး
မြန်မာနိုင်ငံတော်ဗဟိုဘဏ်

၂။ အင်အားပြင်းမန္တလေးငလျင်ကြီးဒဏ် ခံခဲ့ရသည့် နယ်မြေဒေသများ ပြန်လည်ထူထောင်ရေးရန်ပုံငွေကြီးကြပ်မှုဗဟိုကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ရန်ပုံငွေအား ဘဏ်နှင့် ဘဏ်မဟုတ်သော ငွေရေးကြေးရေးအဖွဲ့အစည်းများမှတစ်ဆင့် စိစစ်ထုတ်ချေးပေးနိုင်ရန် ရန်ပုံငွေစီမံခန့်ခွဲမှုလုပ်ငန်းအဖွဲ့ကို ဖွဲ့စည်း၍ တာဝန်ပေးအပ်ခြင်း၊

(ခ) အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ဈေးကွက်တည်ငြိမ်ရေးရန်ပုံငွေတို့မှ ထည့်ဝင်ငွေများကို ရန်ပုံငွေစီမံခန့်ခွဲမှုလုပ်ငန်းအဖွဲ့မှတစ်ဆင့် ဘဏ်နှင့် ဘဏ်မဟုတ်သော ငွေရေးကြေးရေးအဖွဲ့အစည်းများအား ချေးငွေမူဝါဒနှင့်အညီ ထုတ်ချေးနိုင်မည့် စည်းမျဉ်းစည်းကမ်းများနှင့် လုပ်ထုံးလုပ်နည်းများ (SOP) ချမှတ်ခြင်း၊

(ဂ) ပြန်လည်ထူထောင်ရေးချေးငွေ ထုတ်ချေးခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများ (SOP) နှင့်အညီ ရန်ပုံငွေစီမံခန့်ခွဲမှုလုပ်ငန်းအဖွဲ့မှ အကောင်အထည်ဖော်ခြင်းကို ကြီးကြပ်ခြင်း၊

(ဃ) ရန်ပုံငွေစီမံခန့်ခွဲမှုလုပ်ငန်းအဖွဲ့က စိစစ်တင်ပြလာသော ချေးငွေအစီအစဉ်တွင် ပါဝင်ဆောင်ရွက်မည့် ဘဏ်နှင့် ဘဏ်မဟုတ်သော ငွေရေးကြေးရေးအဖွဲ့အစည်းများအား စိစစ်ရွေးချယ်ပေးခြင်း၊

(င) ရန်ပုံငွေ သုံးစွဲမှု၊ လက်ကျန်ပမာဏအခြေအနေ၊ ဘဏ်နှင့် ဘဏ်မဟုတ်သော ငွေရေးကြေးရေးအဖွဲ့အစည်းများ၏ ချေးငွေထုတ်ချေးမှု၊ အရင်းနှင့်အတိုးပြန်လည်ကောက်ခံရရှိမှုအခြေအနေများကို ရန်ပုံငွေစီမံခန့်ခွဲမှုလုပ်ငန်းအဖွဲ့မှ မူဝါဒနှင့်ကိုက်ညီမှုရှိ၊ မရှိ သုံးသပ်တင်ပြချက်များအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံးနှင့် စီးပွားရေးရာကော်မတီသို့ ခြောက်လတစ်ကြိမ် တင်ပြခြင်း၊

(စ) ဤချေးငွေအစီအစဉ်အရ ရန်ပုံငွေစီမံခန့်ခွဲမှုလုပ်ငန်းအဖွဲ့နှင့် ဘဏ်များ/ ဘဏ်မဟုတ်သော ငွေရေးကြေးရေးအဖွဲ့အစည်းများအကြား လက်မှတ်ရေးထိုးရမည့် သဘောတူစာချုပ် (Agreement) ပုံစံကို အတည်ပြုပေးခြင်း၊

(ဆ) ရန်ပုံငွေသုံးစွဲမှုတွင် ပွင့်လင်းမြင်သာမှုရှိစေရန် (Transparency)၊ တာဝန်ယူမှုရှိစေရန် (Accountability) နှင့် ထိရောက်မှုရှိစေရန် (Effectiveness)၊ ထုတ်ချေးခဲ့သည့် ချေးငွေပြန်လည်ပေးဆပ်မှုနှင့် လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများနှင့် စပ်လျဉ်း၍ ရန်ပုံငွေစီမံခန့်ခွဲမှုလုပ်ငန်းအဖွဲ့မှ တင်ပြလာသည့် အစီရင်ခံစာကို စိစစ်သုံးသပ်ခြင်း၊

(ဇ) ရန်ပုံငွေစီမံခန့်ခွဲမှုဆိုင်ရာလုပ်ငန်းများ အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများ/ အဖွဲ့အစည်းများအကြား ပေါင်းစပ်ညှိနှိုင်းပေးခြင်း၊

(ဈ) ရန်ပုံငွေကြီးကြပ်မှုဗဟိုကော်မတီအစည်းအဝေးအား တစ်လလျှင် တစ်ကြိမ်၊ လိုအပ်ပါက အခါအားလျော်စွာ ကျင်းပပြုလုပ်ခြင်း၊

(ည) ရန်ပုံငွေစာရင်းများသို့ ပြန်လည်လွှဲပြောင်းထည့်သွင်းပေးနိုင်ရန် လိုအပ်သလို စီမံခန့်ခွဲခြင်း။

၃။ အင်အားပြင်းမုန်တိုင်းလေးလျှော်ကြီးဒဏ် ခံခဲ့ရသည့် နယ်မြေဒေသများ ပြန်လည်ထူထောင်ရေး ရန်ပုံငွေကြီးကြပ်မှုဗဟိုကော်မတီ၏ရုံးလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် လိုအပ်သည့် အထောက်အကူပြု လုပ်ငန်းအဖွဲ့များကို ဖွဲ့စည်းတာဝန်ပေးအပ်နိုင်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး